
# ARMED CLASHES MONITOR

NLTA-3202

NLTA
Nyan Lynn Thit Analytica





၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက် မှ ၂၈ ရက်အထိ (၁) ပတ်တာကာလအတွင်းမှာ မြန်မာနိုင်ငံအတွင်း စစ်ကောင်စီတပ်နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များ၊ စစ်ကောင်စီတပ်နှင့် လူမျိုးစုတော်လှန်ရေးအင်အားစုများအကြား နှစ်ဖက်ရင်ဆိုင်ဖြစ်ပွားခဲ့သော တိုက်ပွဲစုစုပေါင်း အနည်းဆုံး (၉၂) ကြိမ် အထိရှိခဲ့ပါတယ်။


# ARMED CLASHES MONITOR




NLTA Nyan Lynn Thit Analytica





၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ (၁) ပတ်တာကာလအတွင်းမှာ မြန်မာနိုင်ငံအတွင်း ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များနှင့် လူမျိုးစုတော်လှန်ရေးတပ်များက ပြုလုပ်ခဲ့တဲ့ မိုင်းဆွဲတိုက်ခိုက်မှု စစ်ဆင်ရေး အနည်းဆုံး (၂၇) ကြိမ် အထိ ရှိခဲ့ပါတယ်။




၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ (၁) ပတ်တာကာလအတွင်းမှာ မြန်မာနိုင်ငံအတွင်း ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များက ပြုလုပ်ခဲ့တဲ့ ဒရုန်းဖြင့်တိုက်ခိုက်သော စစ်ဆင်ရေး အနည်းဆုံး (၂၅) ကြိမ်အထိ ရှိခဲ့ပါတယ်။





၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ (၁) ပတ်တာကာလအတွင်းမှာ မြန်မာနိုင်ငံအတွင်း ဒေသခံပြည်သူ့ကာကွယ်ရေးတပ်များက ပြုလုပ်ခဲ့တဲ့ ဗုံးပစ်တိုက်ခိုက်သော စစ်ဆင်ရေး အနည်းဆုံး (၁၇) ကြိမ် အထိ ရှိခဲ့ပါတယ်။




၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ (၁) ပတ်တာကာလအတွင်းမှာ စစ်ကောင်စီတပ်က ပြုလုပ်ခဲ့တဲ့ လေကြောင်းတိုက်ခိုက်မှု (၂၇) ကြိမ်ရှိပါတယ်။

# ARMED CLASHES MONITOR






၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ (၁) ပတ်တာကာလအတွင်းမှာ မြန်မာနိုင်ငံတဝန်းရှိ တိုက်ပွဲများအတွင်း အရပ်သားထိခိုက်ဒဏ်ရာရ/သေဆုံးမှုအရေအတွက်စုစုပေါင်း အနည်းဆုံး (၁၀၃) ဦးရှိပါတယ်။ သေဆုံးသူ (၅၉) ဦးနဲ့ ဒဏ်ရာရသူ (၄၄) ဦးရှိပါတယ်။ အဲဒီလိုထိခိုက်ဒဏ်ရာရ/သေဆုံးမှုတွေဟာ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး၊ မြေမြှုပ်မိုင်း၊ ပစ်ခတ်သတ်ဖြတ်မှုတွေနဲ့ ဖိနှိပ်မှုတွေကြောင့် ဖြစ်ပါတယ်။

**အကျဉ်းချုပ်**

- မတ် ၂၂ ရက်ကနေ ၂၈ ရက် အထိ (၁) ပတ်တာအတွင်း ဒလန်လို့ သတ်မှတ်ခံရတာကြောင့် ပစ်ခတ်ခံရလို့ သေဆုံးသူ ၁၂ ဦးအထိ ရှိပါတယ်။
- မတ် ၂၂ ရက်ကနေ ၂၈ ရက်အထိ (၁) ပတ်တာအတွင်း စစ်ကောင်စီတပ်က စစ်ဆင်ရေးပြုလုပ်နေစဉ်အတွင်း အနည်းဆုံး အရပ်သား ၅၅ ဦးကို ဖမ်းဆီးခဲ့ပါတယ်။
- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်ကနေ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်အထိ စစ်ကောင်စီက သတ်ဖြတ်လို့ သေဆုံးသူ ၃၁၆၆ ဦးအထိရှိပါတယ်။
- KNU တပ်မဟာ (၅) နယ်မြေ၊ သံလွင်မြစ်ဘေးမှာရှိတဲ့ မယ်ခါးထာ့ စစ်ကောင်စီ တပ်စခန်းကို မတ်လ ၂၈ရက် တွင် KNU က ပြန်လည် သိမ်းပိုက်ခဲ့ပါတယ်။

## စစ်ဘေးရှောင်အခြေအနေများ

- မတ်လ ၁၅ ရက်ကနေ ၂၁ ရက်အထိ (၁) ပတ်တာအတွင်း စစ်ကောင်စီတပ်က စစ်ကြောင်းထိုးတာ ရွာမီးရှို့တာတွေ ပြုလုပ်လို့ မြန်မာနိုင်ငံတဝှမ်းက လူဦးရေ ၁၀,၀၀၀ ဝန်းကျင် စစ်ဘေးလွတ်ရာ ထွက်ပြေးနေကြရပြီး အိမ်ခြေ ၁,၅၀၀ ဝန်းကျင် မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။
- ခင်ဦးမြို့နယ်၊ မြကန်ရွာမှာ စစ်တပ်က ဝင်ရောက်မီးရှို့ဖျက်ဆီးတာတွေ၊ ပစ်ခတ်တာတွေလုပ်နေတာကြောင့် လူဦးရေ ၁၀၀၀ ဝန်းကျင်လောက် စစ်ဘေးလွတ်ရာရှောင်နေကြရပါတယ်။ (မတ် ၂၃)
- ကန့်ဘလူမြို့နယ်၊ ညောင်ဇင်ကြီးရွာကိုလည်း စစ်တပ်က မီးရှို့ဖျက်ဆီးတာတွေ၊ ပစ်ခတ်တာတွေ လုပ်တာ ကြောင့် လူဦးရေ ၁၀၀၀၀ လောက်စစ်ဘေးရှောင်နေကြရပါတယ်။ (မတ် ၂၃)
- ကျိုက်ထိုမြို့နယ်မှာ စစ်တပ်က စစ်ကြောင်းထိုးနေတာကြောင့် စစ်ကြောင်းနဲ့နီးစပ်တဲ့ ကျေးရွာက ပြည်သူတွေ စစ်ဘေးရှောင်နေကြရပါတယ်။ (မတ် ၂၅)
- ဘုတလင်မြို့နယ်၊ ဆုံကုန်းရွာကို စစ်တပ်က တရွာလုံးကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံ ၆ ဦးကို သတ်ဖြတ်ခဲ့ပါတယ်။ (မတ် ၂၅)




စစ်တပ်မီးရှို့ဖျက်ဆီးခဲ့သည့် ဘုတလင်မြို့နယ်ဆုံကုန်းရွာ

## နယ်မြေဒေသအလိုက်ဖြစ်ပွားသည့် တိုက်ပွဲများနှင့် စစ်ဆင်ရေးများ

- ချင်း၊ မတူပီမြို့နယ် မတူပီ-ပလက်ဝ လမ်းပေါ်တွင် စစ်ကောင်စီတပ်နဲ့ CDF တို့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီစစ်သား ၆ ဦးသေဆုံးခဲ့ပါတယ်။ (မတ် ၂၂)
- ကရင်နီ၊ ဒီမော့ဆို၊ ဘော်လခဲ၊ ပင်လောင်းဒေသတွေမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီး စစ်တပ်ကတပ်ရင်းအလိုက်သေဆုံးခဲ့ပါတယ်။ (မတ်လ ၂၄)
- စစ်ကိုင်းဒေသအတွင်း၊ တရွာဝင် တရွာထွက် လိုက်လံစစ်ကြောင်းထိုးတာ၊ လူသတ်တာတွေလုပ်နေ တဲ့ ဘီလူးစစ်ကြောင်းကို PDF က တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီ စစ်သား ၁၁ ဦးသေဆုံးခဲ့ပါတယ်။ (မတ် ၂၄)
- ကော့ကရိတ်မြို့နယ်မှာ စစ်ကောင်စီတပ်စွဲထားတဲ့နေရာ ၅ ခုကို ကရင်တော်လှန်ရေးအင်အားစုများက တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီ စစ်သား ၁၅ ဦးထက်မနည်းသေဆုံးခဲ့ပါတယ်။ (မတ် ၂၅)


ဓာတ်ပုံ-ခေတ်သစ်မီဒီယာ

ကရင်နီဒေသ တိုက်ပွဲများတွင် စစ်အုပ်စုထံမှ သိမ်းဆည်းရမိသော စစ်လက်နက်ပစ္စည်းများ